# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ
# ၁၉၇၃ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ
## [၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၀။]
## ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တော်သလင်းလဆုတ် ၁၅ ရက်။
## (၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အောက်ပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး ကောင်စီသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို **၁၉၇၃ ခုနှစ် ၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်း အကျိုးသက်ရောက်ရမည်။

၂။ ။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည်၊ အောက်ပါဇယားများ တွင် ဖော်ပြထားသော သက်ဆိုင်ရာ အသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေ မှထုတ်ယူ၍ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၃ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၇၂ ခုနှစ်၊ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေ (၁၉၇၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်း ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ဦးနေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

အမိန့်အရ၊
(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တော်သလင်းလဆုတ် ၁၅ ရက်။
(၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

----- Attachment -----

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 တော်လှန်ရေးကောင်စီ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 အစိုးရလက်အောက်ခံ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ ကောင်စီ၊ ကော်မတီ၊ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ် စာရင်း

Myanmar Law Information System (MLIS)